စိုက်ပျိုးရေး မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
မြေအသုံးချရေးဌာနခွဲ

# ပဲမျိုးစုံသီးနှံ စိုက်ပျိုးရန်သင့်တော်သည့်မြေအမျိုးအစားနှင့် မြေဩဇာအသုံးပြုမှုနှုန်းထားများ

ဒေါက်တာခင်ခင်မူ
မြေအသုံးချရေးဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန
၂၀၂၄ ခုနှစ်၊ဇူလိုင်လ (၇) ရက်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု | ၁ |
| ၂ | ကမ္ဘာ့ပဲမျိုးစုံထုတ်လုပ်မှု | ၁ |
| ၃ | ပဲမျိုးစုံ နှင့်မြေဆီလွှာအရည်အသွေး | ၂ |
| ၄ | ပဲပင်၏ စွမ်းဆောင်မှုနှင့် ရိုင်ဇိုဘီယမ်ဆက်နွယ်မှု | ၃ |
| ၅ | မြေဆီလွှာ အရည်အသွေးနှင့် ပတ်ဝန်းကျင်၊ အစားအစာ | ၅ |
| ၆ | မြန်မာနိုင်ငံ၏အဓိကမြေအမျိုးအစားများ | ၆ |
| ၇ | မြန်မာနိုင်ငံတွင်း၌ပဲမျိုးစုံစိုက်ဒေသနှင့်ဈေးကွက်များ | ၇ |
| ၈ | ပဲမျိုးစုံသီးနှံတွက် မြေအာဟာရဓာတ် | ၈ |
| ၉ | အာဟာရလိုအပ်ချက်ကိုကြိုတင်စစ်ဆေးခြင်း | ၉ |
| ၁၀ | Bean’s  Optimum Soil Requirements | ၉ |
| ၁၁ | Bean’s  Optimum Fertilizer Recommendation | ၁၀ |
| ၁၂ | ပဲမျိုးနွယ်ဝင်အပင်များတွင်ယေဘုယျတွေ့ရှိနိုင်သောအာဟာရဓါတ်ချို့တဲ့လက္ခဏာများ | ၁၅ |
| | (၁၂-က)ဘိုရွန်(B) ချို့တဲ့မှုလက္ခဏာများ | ၁၅ |
| | (၁၂-ခ) သံဓာတ်(Fe) ချို့တဲ့မှုလက္ခဏာများ | ၁၅ |
| | (၁၂- ဂ) သွပ်ဓာတ်(Zn) ချို့တဲ့မှုလက္ခဏာများ | ၁၆ |
| ၁၃ | ပဲပိစပ်သီးနှံ - Horse gram (မြင်းစား ကုလားပဲ)၊ *Dolichos Lablab* | ၁၆ |
| | (၁၃ – က)  ပဲပိစပ်တွင်သံဓာတ်(Fe) အာဟာရဓါတ်ချို့တဲ့မှုလက္ခဏာ | ၁၆ |
| ၁၄ | ကုလားပဲသီးနှံ Chickpea (*Cicer arietinum* L.) | ၁၇ |
| | (၁၄- က)ကုလားပဲတွင်နိုက်တြိုဂျင်(N) ချို့တဲ့မှု လက္ခဏာများ | ၁၇ |
| | (၁၄ – ခ) ကုလားပဲတွင် ဖော့စဖရပ် (P) ချို့တဲ့မှု လက္ခဏာများ | ၁၇ |
| | (၁၄- ဂ) ကုလားပဲတွင် ပိုတက်စီယမ်(K)ချို့တဲ့မှုလက္ခဏာများ | ၁၈ |
| | (၁၄ – ဃ) ကုလားပဲတွင် ဆာလဖာ(S)ဓာတ်ချို့တဲ့မှု လက္ခဏာများ | ၁၈ |
| | (၁၄ – င) ကုလားပဲတွင် သံဓာတ် (Fe) ချို့တဲ့မှု လက္ခဏာများ | ၁၉ |
| | (၁၄ – စ) ကုလားပဲတွင်သွပ်ဓာတ် (Zn) ချို့တဲ့မှု လက္ခဏာများ | ၂၀ |
| ၁၅ | ပဲလွန်း  – Cowpea, (*Vigna unguiculata*) | ၂၀ |
| | (၁၅ – က) ပဲလွန်းတွင်ပိုတက်စီယမ်( K) ချို့တဲ့မှုလက္ခဏာများ | ၂၀ |
| | (၁၅ – ခ)ပဲလွန်းတွင်မဂ္ဂနီစီယမ်(Mg) ချို့တဲ့မှုလက္ခဏာများ | ၂၁ |
| | (၁၅ – ဂ) ပဲလွန်းတွင်ဘိုရွန် (B) ချို့တဲ့မှုလက္ခဏာများ | ၂၁ |
| | (၁၅ – ဃ) ပဲလွန်းတွင်သံဓါတ်(Fe) ချို့တဲ့မှုလက္ခဏာများ | ၂၂ |
| | (၁၅ – င) ပဲလွန်းတွင်မန်းဂနိစ် (Mn) ချို့တဲ့မှုလက္ခဏာများ | ၂၂ |
| ၁၆ | မတ်ပဲသီးနှံ   – Black Gram ( *Vigna mungo* L.) | ၂၃ |

| | | |
|---|---|---|
| | (၁၆ – က) မတ်ပဲသီးနှံတွင်မဂ္ဂနီစီယမ်(Mg) ချို့တဲ့မှု လက္ခဏာများ | ၂၃ |
| | (၁၆ – ခ) မတ်ပဲသီးနှံတွင်ဆာလ်ဖာ(S) ချို့တဲ့မှုလက္ခဏာများ | ၂၄ |
| | (၁၆ – ဂ) မတ်ပဲသီးနှံတွင်ဘိုရွန် (B) ချို့တဲ့မှု လက္ခဏာများ | ၂၄ |
| | (၁၆ – ဃ) မတ်ပဲတွင်မန်းဂနိစ်(Mn) ချို့တဲ့မှု လက္ခဏာများ | ၂၅ |
| | (၁၆ – င) မတ်ပဲတွင်သွပ်ဓါတ်(Zn) ချို့တဲ့မှု လက္ခဏာများ | ၂၅ |
| ၁၇ | ပဲစဉ်းငုံသီးနှံ – Red Gram (*Cajanus Cajan* (L.) Millsp) | ၂၆ |
| | (၁၇ – က) ပဲစဉ်းငုံတွင်ဖော့စဖရပ် (P) ချို့တဲ့မှု လက္ခဏာများ | ၂၆ |
| | (၁၇ – ခ) ပဲစဉ်းငုံတွင်ပိုတက်စီယမ်(K )ချို့တဲ့မှုလက္ခဏာများ | ၂၆ |
| | (၁၇ – ဂ) ပဲစဉ်းငုံတွင် မဂ္ဂနီစီယမ်(Mg) ချို့တဲ့မှုလက္ခဏာများ | ၂၇ |
| | (၁၇ – ဃ) ပဲစဉ်းငုံတွင်ဆာလဖာ (S) ချို့တဲ့မှု လက္ခဏာများ | ၂၇ |
| | (၁၇ – င) ပဲစဉ်းငုံတွင်ဘိုရွန် (B) ချို့တဲ့မှုလက္ခဏာများ | ၂၈ |
| | (၁၇ – စ) ပဲစဉ်းငုံတွင်သံဓာတ်(Fe)ချို့တဲ့မှုလက္ခဏာများ | ၂၈ |
| | (၁၇ – ဆ) ပဲစဉ်းငုံတွင်မန်းဂနိစ် (Mn) ချို့တဲ့မှုလက္ခဏာများ | ၂၉ |
| | (၁၇ – ဇ) ပဲစဉ်းငုံတွင်သွပ်ဓာတ်(Zn)ချို့တဲ့မှုလက္ခဏာများ | ၂၉ |
| ၁၈ | ပဲသီးနှံအမျိုးအစားအလိုက်သုံးစွဲရမည့်ဓာတ်မြေဩဇာ အမျိုးအစားနှင့်ပမာဏ | ၃၀ |
| | (၁၈–က) Green gram Crop Nutrients Application | ၃၀ |
| | (၁၈– ခ) Black gram Crop Nutrients Application | ၃၀ |
| | (၁၈ – ဂ) Soy bean Crop Nutrients Application | ၃၀ |
| | (၁၈ –ဃ) Pigeon Bean (Red Gram) Crop Nutrients | ၃၁ |
| ၁၉ | ပဲမျိုးစုံစိုက်ခြင်းဖြင့်ရရှိနိုင်သောအကျိုးကျေးဇူးများ | ၃၁ |
| ၂၀ | ပဲမျိုးစုံသီးနှံနှင့် မြေဆီလွှာကျန်းမာရေး (မြေအရည်အသွေး) | ၃၂ |
| | (၂၀ – က ) Nitrogen fixation | ၃၂ |
| | (၂၀– ခ) Nitrogen Fixation Legume plant | ၃၃ |
| | (၂၀ – ဂ) Nitrogen cycle and its stages | ၃၄ |
| ၂၁ | သီးနှံစိုက်ပျိုးမှုစနစ် (Cropping System) | ၃၆ |
| ၂၂ | ပဲပင်နှင့် ၎င်း၏မြစ်ဖု ဘက်တီးရီးယား | ၃၇ |
| ၂၃ | ပဲပင်၏ ရာသီဥတုလိုအပ်ချက် | ၃၉ |
| ၂၄ | ပဲပင်အမျိုးအစားလိုက်မြေချဉ်ငံကိန်းအခြေအနေ | ၃၉ |
| ၂၅ | အက်ဆစ်ပေါက်မြေ (မြေချဉ်)တွင်ပဲစိုက်ခြင်း | ၄၀ |
| ၂၆ | ဆားပေါက်မြေနှင့် ပဲသီးနှံ | ၄၁ |
| ၂၇ | အလင်းရောင်ဖြင့် ပြန်လည်မျှတစေခြင်း (သို့) ကုစားနိုင်စွမ်းအား | ၄၂ |
| ၂၈ | Effect of phytoremediation on soil physicochemical properties | ၄၂ |
| ၂၉ | အလင်းမှီ မျှခြေဖြစ်စေမှု၏ အကျိုးသက်ရောက်မှုများ | ၄၅ |

၃၀ စိုက်ပျိုးရေးကဏ္ဍမှ ဂရုတစိုက်ဆောင်ရွက်ရမည့်လုပ်ငန်းများ ၄၅
(၃၀ – က) ဖန်လုံအိမ်ခါတ်ငွေ့ထုတ်လုပ်မှုအခြေအနေ ၄၅
(၃၀– ခ) မြေဩဇာကိုအကျိုးရှိရှိအသုံးပြုခြင်း ၄၆
(၃၀ – ဂ) မြေဩဇာ၏ဆိုးကျိုးများကိုသိနားလည်ခြင်း ၄၆
(၃၀ – ဃ) မြေဩဇာဆုံးရှုံးမှုဖြစ်စဉ်ကိုသိရှိဆောင်ရွက်ခြင်း ၄၇
၃၁ ဘက်စုံ အပင်အာဟာရဖြည့်စွက်ခြင်း၏အစိတ်ပိုင်းများ ၄၈
၃၂ မြေ၊အပင် ဆက်နွယ်မှုနှင့် ပတ်ဝန်းကျင် ဇီဝဗေဒသဘောတရား ၄၈
၃၃ ပဲမျိုးစုံ ၏ အာဟာရတန်ဖိုးများ ၄၉
၃၄ ဆေးဖက်ဝင်အစားအစာ၊ခါတ်တိုးပစ္စည်းများနှင့် အပင်၏အာနိသင် ၄၉
၃၅ ကိုးကားစာတမ်း ၅၀


## ဇယားဖော်ပြချက်များ


| ဇယား | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပဲမျိုးစုံအများဆုံးထုတ်လုပ်သောနိုင်ငံများ၏အခြေအနေ | ၂ |
| ၂ | ပဲမျိုးစုံအတွက်အပင်အာဟာရချို့တဲ့မှု၊ဖြစ်နိုင်သည့်နေရာနှင့် ခါတ်မြေဩဇာ(အများလိုအာဟာရ) | ၁၁ |
| ၃ | ပဲမျိုးစုံအတွက်အပင်အာဟာရချို့တဲ့မှု၊ဖြစ်နိုင်သည့်နေရာနှင့် ခါတ်မြေဩဇာ(အနဲးလိုအာဟာရ) | ၁၂ |
| ၄ | ပဲမျိုးစုံအတွက်အပင်အာဟာရချို့တဲ့မှု အများဆုံးပင်ပြလက္ခဏာနှင့် ၊ဖြစ်နိုင်သည့်နေရာ | ၁၃ |
| ၅ | ပဲမျိုးစုံအတွက်အပင်အာဟာရအဆိပ်သင့်မှု အများဆုံးပင်ပြလက္ခဏာနှင့် ၊ဖြစ်နိုင်သည့်နေရာ | ၁၄ |
| ၆ | ပဲမျိုးစုံ၏ရာသီဥတုလိုအပ်ချက် | ၃၉ |


## ရုပ်ပုံဖော်ပြချက်များ


| ပုံ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပဲပင်၏ စွမ်းဆောင်မှုနှင့် ရိုင်ဇိုဘီယမ်ဆက်နွယ်မှု | ၄ |
| ၂ | ပဲမြစ်ဖုမှ ရိုင်ဇိုဘီယမ် မွေးမြူခြင်းအဆင့်ဆင့် | ၄ |
| ၃ | မြေဆီလွှာအရည်အသွေးနှင့်ဆက်နွယ်မှုများ | ၅ |
| ၄ | မြေအသုံးချရေးဌာနခွဲ စာမျက်နှာပုံသဏ္ဍာန် | ၅ |
| ၅ | မြန်မာနိုင်ငံ၏အဓိကမြေအမျိုးအစားများ | ၆ |
| ၆ | ပဲမျိုးနွယ်ပင်များတွင်ဘိုရွန်ခါတ်ချို့တဲ့ခြင်းလက္ခဏာ | ၁၅ |
| ၇ | ပဲမျိုးနွယ်ပင်များတွင် သံခါတ်ချို့တဲ့ခြင်းလက္ခဏာ | ၁၅ |

| | | |
|---|---|---|
| ၈ | ပဲမျိုးနွယ်ပင်များတွင်သွပ်ဓာတ်ချို့တဲ့ခြင်းလက္ခဏာ | ၁၆ |
| ၉ | ပဲပိစပ်သီးနှံသံဓာတ်(Fe) ချို့တဲ့လက္ခဏာ | ၁၇ |
| ၁၀ | ကုလားပဲတွင် နိုက်ထြိုဂျင်ဓာတ် ချို့တဲ့ခြင်းလက္ခဏာ | ၁၇ |
| ၁၁ | ကုလားပဲတွင် ဖော့စဖရပ်ဓာတ် ချို့တဲ့ခြင်းလက္ခဏာ | ၁၈ |
| ၁၂ | ကုလားပဲတွင် ပိုတက်စီယမ်ဓာတ်ချို့တဲ့ခြင်းလက္ခဏာ | ၁၈ |
| ၁၃ | ကုလားပဲတွင် ဆာလဖာဓာတ် ချို့တဲ့ခြင်းလက္ခဏာ | ၁၉ |
| ၁၄ | ကုလားပဲတွင် သံဓာတ် ချို့တဲ့ခြင်းလက္ခဏာ | ၁၉ |
| ၁၅ | ကုလားပဲတွင် သွပ်ဓာတ် ချို့တဲ့ခြင်းလက္ခဏာ | ၂၀ |
| ၁၆ | ပဲလွန်းတွင်သွပ်ဓာတ် ချို့တဲ့ခြင်းလက္ခဏာ | ၂၀ |
| ၁၇ | ပဲလွန်းတွင်မဂ္ဂနီစီယမ်ဓာတ်ချို့တဲ့မှုလက္ခဏာ | ၂၁ |
| ၁၈ | ပဲလွန်းတွင်ဘိုရွန်ဓာတ် ချို့တဲ့မှုလက္ခဏာ | ၂၁ |
| ၁၉ | ပဲလွန်းတွင်သံဓါတ်ချို့တဲ့မှုလက္ခဏာ | ၂၂ |
| ၂၀ | ပဲလွန်းတွင်မန်းဂနိစ် (Mn) ချို့တဲ့မှု လက္ခဏာ | ၂၃ |
| ၂၁ | မတ်ပဲတွင် မဂ္ဂနီဆီယမ်(Mg) ချို့တဲ့မှုလက္ခဏာ | ၂၃ |
| ၂၂ | မတ်ပဲတွင် ဆာလ်ဖာ(S) ချို့တဲ့မှု လက္ခဏာ | ၂၄ |
| ၂၃ | မတ်ပဲတွင် ဘိုရွန် (B) ချို့တဲ့မှု လက္ခဏာ | ၂၄ |
| ၂၄ | မတ်ပဲတွင် မန်းဂနိစ်(Mn) ချို့တဲ့မှု လက္ခဏာ | ၂၅ |
| ၂၅ | မတ်ပဲတွင် သွပ်ဓါတ်(Zn) ချို့တဲ့မှု လက္ခဏာ | ၂၅ |
| ၂၆ | ပဲစဉ်းငုံတွင်ဖော့စဖရပ်(P)ဓာတ် ချို့တဲ့ခြင်းလက္ခဏာ | ၂၆ |
| ၂၇ | ပဲစဉ်းငုံတွင်ပိုတက်စီယမ်ချို့တဲ့ခြင်းလက္ခဏာ | ၂၆ |
| ၂၈ | ပဲစဉ်းငုံတွင်မဂ္ဂနီစီယမ်(Mg)ချို့တဲ့ခြင်းလက္ခဏာ | ၂၇ |
| ၂၉ | ပဲစဉ်းငုံတွင်ဆာလဖာ(S)ချို့တဲ့ခြင်းလက္ခဏာ | ၂၇ |
| ၃၀ | ပဲစဉ်းငုံတွင်ဘိုရွန်(B)ချို့တဲ့ခြင်းလက္ခဏာ | ၂၈ |
| ၃၁ | ပဲစဉ်းငုံတွင်သံဓာတ်(Fe)ချို့တဲ့ခြင်းလက္ခဏာ | ၂၈ |
| ၃၂ | ပဲစဉ်းငုံတွင်မန်းဂနိစ် (Mn) ချို့တဲ့ခြင်းလက္ခဏာ | ၂၉ |
| ၃၃ | ပဲစဉ်းငုံတွင်သွပ်ဓာတ်(Zn)ချို့တဲ့ခြင်းလက္ခဏာ | ၂၉ |
| ၃၄ | Nitrogen cycle | ၃၄ |
| ၃၅ | Nitrogen cycle and crop-microbe processes | ၃၅ |
| ၃၆ | Functional impacts of the legume- soil microbe interaction | ၃၅ |
| ၃၇ | Different of Cereal and legume crop P mobilization and mechanism | ၃၆ |
| ၃၈ | Cropping System | ၃၇ |
| ၃၉ | Legumes and symbiotic nitrogen fixing bacteria | ၃၇ |
| ၄၀ | ပဲပင်အမျိုးမျိုးနှင့်ကွဲပြားသောမြစ်ဖုပုံသဏ္ဍာန်များ | ၃၈ |

| | | |
|---|---|---|
| ၄၁ | ပဲပင်အမျိုးမျိုးနှင့်ကွဲပြားသောမြစ်ဖုပုံသဏ္ဍာန်များ | ၃၈ |
| ၄၂ | Acid-tolerant pea varieties | ၄၁ |
| ၄၃ | Salt-tolerant legume plant | ၄၁ |
| ၄၄ | Effect of phytoremediation | ၄၃ |
| ၄၅ | Heavy metals removed from the soil by plant roots | ၄၃ |
| ၄၆ | Photo degradation of organic contaminants | ၄၄ |
| ၄၇ | Effect of phytoremediation processes in above ground and under ground | ၄၄ |
| ၄၈ | စိုက်ပျိုးရေးကဏ္ဍမှ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏများ | ၄၅ |
| ၄၉ | ရေထုညစ်ညမ်းမှုကြောင့် ရေနေသတ္တဝါများထိခိုက်မှု | ၄၆ |
| ၅၀ | မှန် ၄ မှန်စနစ်ဖြင့်မြေသြဇာကိုသုံးစွဲရန်နိုးဆော်ချက် | ၄၇ |
| ၅၁ | Components of Integrated Nutrient Management | ၄၈ |
| ၅၂ | ပဲမျိုးစုံသီးနှံမှတန်ဖိုးမြှင့် ထုတ်ကုန်အမျိုးမျိုး | ၄၉ |
| ၅၃ | Flavonoids are phytochemical compounds formation | ၄၉ |

# ပဲမျိုးစုံသီးနှံ စိုက်ပျိုးရန်သင့်တော်သည့်မြေအမျိုးအစားနှင့် မြေဩဇာအသုံးပြုမှုနှုန်းထားများ

ဒေါက်တာခင်ခင်မူ
မြေအသုံးချရေးဌာနခွဲ၊စိုက်ပျိုးရေးဦးစီးဌာန

## ၁။ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု

မြန်မာ့လူဦးရေ၏ (၇၀ %) သည်  အသက်ရှင်ရပ်တည်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍအပေါ်တွင်မှီခိုနေရသည်။၁၉၆၀ ပြည့်နှစ်မတိုင်ခင်မြန်မာနိုင်ငံသည် ကမ္ဘာ့ဆန်စပါးထုတ်လုပ်မှုအများဆုံးအဆင့်တွင်ရှိနေခဲ့သည်။ထို့အတူ ပဲမျိုးစုံသီးနှံထုတ်လုပ်မှုတွင်လည်း ဦးဆောင်နေပြီးနိုင်ငံ(၅၂)ခုသို့ ကုန်သွယ်တင်ပို့လျှက်ရှိပါသည်။ ကမ္ဘာ့ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်သော ထိပ်တန်းနိုင်ငံ(၅)ခုတွင်ကနေဒါ၊အိန္ဒိယ၊ဩစတြေးလျ၊တန်ဇန်နီးယားတို့နှင့်အတူမြန်မာနိုင်ငံပါဝင်နေပါသည်။ နိုင်ငံ၏စီးပွားရေးသည် ပြည်ပပို့ကုန်ပေါ်တွင် မှီခိုနေရသဖြင့်၎င်း၊ ရေမြေရာသီဥတုဒေသအခြေအနေမှာပဲမျိုးစုံသီးနှံအတွက် သင့်တော်မှုတသော အခြေအနေမှာတည်ရှိနေ၍အားထုတ်စိုက်ပျိုးပြီးအရည်အသွေးကောင်းပဲမျိုးစုံပို့ကုန်ရရှိရေးကိုကြိုးပမ်း ဆောင်ရွက်သင့်ပါသည်။ လူတို့၏ ကျန်းမာသန်စွမ်းရေးအတွက် အထောက်အကူပြု အစားအစာတစ်မျိုး အဖြစ်လည်းပဲမျိုးစုံသီးနှံပါဝင်နေ၍ အမျိုးသားရေးကဏ္ဍ ကျန်းမာရေးနှင့်ငတ်မွတ်ခေါင်းပါးမှုလျှော့ချရေးတွင်ပဲမျိုးစုံနှင့် အာဟာရထောက်ပံ့ရေးပါဝင်နေပါသည်။ နေ့စဉ်ပဲပုဂံလုံး တစ်ဝက်စားသုံးခြင်းဖြင့်အမျှင်ဓာတ်၊ပရိုတင်းဓာတ်၊ကယ်လဆီယမ်၊ပိုတက်စီယမ်၊ဖောလစ်အက်စစ်(ဗီတာမင်-၉)၊ ဇင့်၊သံဓာတ် နှင့် မဂ္ဂနီစီယမ် ဓာတ်တို့ရရှိစေပြီး ပြည့်ဝအဆီဓာတ်ကိုပါရရှိစေသည်။

## ၂။ ကမ္ဘာ့ပဲမျိုးစုံထုတ်လုပ်မှု

ကမ္ဘာ့ပဲသီးနှံထုတ်လုပ်မှုအများဆုံး (၁၀)နိုင်ငံနှင့်၎င်းတို့၏ထုတ်လုပ်မှုကိုလေ့လာလျှင်-အိန္ဒိယ( ၂၈ ) Million MT၊ မြန်မာ ( ၅.၅ – ၆) Million M T၊ ကနေဒါ ( ၅.၁ ) Million MT၊ တရုတ်( ၅ ) Million MT၊ရုရှား( ၄.၁) Million MT၊ နိုက်ဂျီးရီးယား (၄ ) Million MT၊နိုင်ဂျာ ( ၃.၅ ) Million MT၊ အီသီယိုးပီးယား ( ၃.၄၇) Million MT၊ဘရာဇီး  (၂.၉)  Million MT၊နှင့် အမေရိကန် ( ၂ ) Million MT ရှိကြောင်းသိရှိရပါသည်။

မြန်မာနိုင်ငံ၏ထုတ်လုပ်မှု ကိုကြည့်လျှင် ၂၀၂၀-၂၁ ခုနှစ်တွင် ပဲမျိုးစုံတင်ပို့မှု တန်ချိန် (၂) သန်း ထိရှိခဲ့ပြီး အခြားနိုင်ငံများ၏ပဲသီးနှံလိုအပ်ချက်မြင့်မားနေကြောင်းသိရှိနိုင်ပါသည်။ ပဲမျိုးစုံထုတ်လုပ်မှုတွင်၂၀၂၁ ခုနှစ်တွင်းတန်ချိန် (၇) သန်း ထိရှိခဲ့၍ ၂၀၂၂ ခုနှစ်မှာထုတ်လုပ်မှု (၇.၄ မှ ၇.၅)သန်းတန်ချိန်ရရှိစေရန်မျှော်မှန်းချက်ရှိခဲ့ကြောင်းသိရှိရပါသည်။

နိုင်ငံ (၁၀)နိုင်ငံ၏ပဲမျိုးစုံထုတ်လုပ်မှုနှင့် တင်ပို့မှုအများဆုံးအဓိက စိုက်ပျိုးထုတ်လုပ်သည့် ပဲအမျိုးအစားများကိုကြည့်လျှင် မြန်မာနိုင်ငံမှ ပဲမျိုးစုံ၊မတ်ပဲ၊ ပဲစဉ်းငုံ နှင့်ပဲတီစိမ်းကို စိုက်ပျိုးတင်ပို့မှုအများဆုံးဖြစ်ကြောင်းဇယား(၁)တွင်လေ့လာသိရှိနိုင်ပါသည်။

**ဇယား(၁) ပဲမျိုးစုံအများဆုံးထုတ်လုပ်သောနိုင်ငံများ၏အခြေအနေ**
**(List of Top 10 Pulses Producing Countries in the World)**

| Country | Current Production (million metric tons) | Major Pulses | Pulses Export Value (As Per FY) |
|---|---|---|---|
| **India** | 28 | Various, incl. chickpeas, pigeon peas, lentils | 54 billion INR |
| **Myanmar** | 5.5 – 6 | Various, incl. mung beans, pigeon peas, black gram | 1.47 billion USD |
| **Canada** | 5.1 | Lentils, peas, chickpeas | 175 million USD |
| **China** | 5 | Soybeans, peas, lentils | 102.41 million USD |
| **Russia** | 4.1 | Lentils, peas, chickpeas | 0.7 billion Euros |
| **Nigeria** | 4 | Cowpeas, pigeon peas | 279.64 billion NGN |
| **Niger** | 3.5 | Cowpeas | 219.99 billion NGN |
| **Ethiopia** | 3.47 | Chickpeas, lentils | 137 million USD |
| **Brazil** | 2.9 | Beans, soybeans | 113 million USD |
| **USA** | 2 | Lentils, peas | 983.2 million USD |

## ၃။ ပဲမျိုးစုံ နှင့်မြေဆီလွှာအရည်အသွေး (Legumes and Soil Quality)

ပဲသီးနှံများ၏ အမြစ်ဖြစ်ထွန်းမှုသည် အခြားသီးနှံများ၏ အမြစ်ဖြစ်ပေါ်မှုနှင့်ကွဲပြားပါသည်။ ၎င်းတွင် လေထဲမှနိုက်တြိုဂျင်ကိုဖမ်းယူထိန်းချုပ်ပေးနိုင်သောအမြစ်ဖုလေးများပါရှိသဖြင့် မြေဆီလွှာအတွက်ကျယ်ပြန့်စွာ အကျိုးကျေးဇူးပြုမှုရရှိစေသည့်အပြင် အလွန်အရေးပါသောဆောင်ရွက်ချက်များကိုပြုလုပ်ပေးနိုင်ပါသည်(In addition legumes can provide a wide range of important soil quality benefits.) ပဲပင်များ၏မြေဆီလွှာပေါ်အကျိုးကျေးဇူးပြုမှုမှာ ၎င်းတို့၏အပင်အစိတ်အပိုင်းအားလုံးပင်ဖြစ်သည်။ သုတေသနပြုချက်များအရ အယ်ဖာဖာပဲ

စိုက် အပြီး နွေဦးကောက်နှံပင်တစ်မျိုးမျိုးစိုက်ခြင်းသည် အထွက်နှုန်း (၇ မှ ၁၄) ရာခိုင်နှုန်းထိ ပိုမိုကြောင်းသိရှိရသည်။ ထိုသို့အထွက်နှုန်းတိုးခြင်းမှာ မြေဆီလွှာတွင်း အပင်အတွက် အာဟာရ ရရှိမှုတိုးစေရုံသာမက မြေအစိုဓာတ်ကို ထိန်းသိမ်းနိုင်စွမ်းတိုးလာ၍ဖြစ်ကြောင်း သိရပါသည်။ ပဲနှင့်သီးလှည့်စိုက်ပေးခြင်းကြောင့် မြေဆီလွှာ၏ရုပ်ဂုဏ်သတ္တိ improved soil physical properties တိုးတက်စေရုံသာမက၊ phytotoxic substances များကြောင့်ထိခိုက်ခြင်း မှဟန့်တားပေးပြီး အပင်ကိုအားပေးသော growth promoting substances များထပ်လောင်းရရှိ နိုင်ခြင်း နှင့် အပင်ရောဂါကျရောက်နှိပ်စက်မှုလျော့ပါးစေသည်။ ပဲမျိုးစုံသီးနှံများသည် စိုက်ပျိုး သည့်မြေနှင့် ၎င်းနှင့်အတူ (သို့) ၎င်းနောက်စိုက်ပျိုးသည့်သီးထပ်/သီးညှပ်/သီးလှည့် သီးနှံပင် အတွက်ပါ မျိုးစုံအကျိုးပြုမှု multitude of benefits ရှိသောသီးနှံပင်ဖြစ်ပါသည်။ဒေသအလိုက် မြေဆီလွှာအရည်အသွေး ထိန်းသိမ်းပြုပြင်ရေး conservation situation to improve soil quality ကဏ္ဍများတွင်မရှိမဖြစ်ပါဝင်နေသောသီးနှံပင်ဖြစ်ပါသည်။

## ၄။ ပဲပင်၏ စွမ်းဆောင်မှုနှင့် ရိုင်ဇိုဘီယမ်ဆက်နွယ်မှု

ပဲပင်များစိုက်ပျိုးခြင်းကြောင့် စိုက်ပျိုးသီးနှံတွင်အာဟာရရရှိမှုတိုးစေခြင်း (Increases fertility in agro-system)၊ ဇီဝနည်းဖြင့်ဖြစ်စေ ဇီဝဆိုင်ရာမဟုတ်သောနည်းများဖြင့်ဖြစ်စေ အပင်ကိုထိခိုက်စေမှုများဒဏ်မှခံနိုင်ရည်တိုးစေခြင်း(Increases resistance to biotic and abiotic stresses)၊ အပင်မှ အာဟာရ ရရှိနိုင်မှုအခြေအနေ နှင့်စုတ်ယူစားသုံးနိုင်စွမ်းကို တိုးလာစေခြင်း (Increase nutrient availability and uptake)၊စဉ်ဆက်မပြတ်စားသုံးနိုင်စွမ်း စိုက်ပျိုးနိုင်စွမ်း၊အသက်ရှင်နိုင်စွမ်းအားကိုတိုးစေခြင်း(Increases sustainability) အကျိုး ကျေးဇူး များရရှိစေသည်။

ပတ်ဝန်းကျင်ညစ်ညမ်းမှုလျော့ကျစေခြင်း(Decreases environmental pollution)၊ ကမ္ဘာ့လုံးဆိုင်ရာ အပူဒဏ်ပြင်းထန်နေမှု/ပူနွေးမှုဒဏ်ကို လျော့ကျစေနိုင်ခြင်း(Decreases Global warming)၊ ရာသီဥတုပြောင်းလဲခြင်း၏ ဆိုးဝါးမှုဒဏ်များကို လျော့ချပေးနိုင်ခြင်း (Decreases impact of climate change)၊သဘာဝမြေဆွေးဓာတ်များ လျော့ကျနေမှုကို တားဆီးပေးနိုင်ခြင်း (Decreases loss of organic matter) နှင့် ဓာတု ဓာတ်မြေသြဇာများ သုံးစွဲနေမှုကို လျှော့ချနိုင်ခြင်း (Decreases use of synthetic fertilizers) စသည့် အကျိုးပြု ချက် များကို ပေးစွမ်းနိုင်ပါသည်။

ပုံ (၁)တွင် ရိုင်ဇိုဘီယမ်ဘက်တီးရီးယား၏ပဲမြစ်အတွင်းဝင်ရောက်ပုံကိုလေ့လာနိုင်ပြီး ပုံ (၂)တွင် အမြစ်မှ ရိုင်ဇိုဘီယမ်ဘက်တီးရီးယား ထုတ်ယူမွေးမြူပုံကိုအကျဉ်းအားဖြင့် လေ့လာ နိုင်ပါသည်။ ပဲမြစ်များတွင် မြစ်ဖုဖြစ်ပေါ်စေသော ရိုင်ဇိုဘီယမ် ဘက်တီးရီးယားသည် များစွာသော လုပ်ငန်းဆောင်တာများလုပ်ဆောင်၍ မြစ်ဖုအတွင်းမှနေပြီး လေထဲမှနိုက်တြိုဂျင်

ဓာတ် ကိုဖမ်းယူကာ အပင်ကိုနိုက်တြိုဂျင်ရစေယုံသာမက မြေတွင်းရှိအာဟာရဓာတ်တချို့ကို အပင်မှ စုတ်ယူစားသောက်နိုင်စေရေး ကူညီနိုင်စွမ်းရှိပါသည်။




ပုံ (၁) ပဲပင်၏ စွမ်းဆောင်မှုနှင့် ရိုင်ဇိုဘီယမ်ဆက်နွယ်မှု




ပုံ (၂) ပဲမြစ်ဖုမှ ရိုင်ဇိုဘီယမ် မွေးမြူခြင်းအဆင့်ဆင့်

## ၅။ မြေဆီလွှာ အရည်အသွေးနှင့် ပတ်ဝန်းကျင်၊ အစားအစာ

“မြေဆီလွှာသည် အစားထိုး၍မရသော သဘာဝ သယံဇာတ အရင်းအမြစ်ဖြစ်ပါသည်။” မြေဆီလွှာသည် စိုက်ပျိုးထုတ်လုပ်ရေးအတွက် ပင်မအထောက်အကူပြုနေရာတွင်ပါဝင် နေပြီး လူသားတို့၏ကျန်းမာရေးအတွက်၊ အစားအစာအရည်အသွေးအတွက်၊ ပတ်ဝန်းကျင်ကောင်း တည်ဆောက်ရေးအတွက် အရေးပါသည့် အဓိကထောက်တိုင်ဖြစ်ပါသည်။ မြေဆီလွှာနှင့် ဇီဝဆိုင်ရာအကြောင်းတရားများ၊ ဓာတုဗေဒဆက်နွယ်မှုများနှင့် ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများအားလုံးအကျုံးဝင်ပါသည်။

မြေဆီလွှာမှ စိုက်ပျိုးထုတ်လုပ်သမျှသည် အပင်နှင့် သတ္တဝါတို့အတွက် ရောဂါကင်းစင်ပြီးကျန်းမာသန်စွမ်းစေရေးကိုဦးတည်ပါသည်။ ဤနေရာတွင် အစားအစာအရည်အသွေးအတွက် အာဟာရတန်ဖိုး၊ ဓာတုတန်ဖိုး(လိုအပ်သောဓာတ်သဘာဝပြည့်စုံခြင်းနှင့် မလိုအပ်သော ဓာတုဓာတ်ကြွင်းကင်းစင်ခြင်း) တို့ပါဝင်နေပါသည်။ ပတ်ဝန်းကျင်အရည်အသွေးတွင် အညစ်အကြေး/ခြုံနွယ်ကင်းစင်ခြင်းနှင့်ကြားခံပေါင်းကူးဆောင်ရွက်မှုတိုင်းအတွက်ဘေးထွက်ဆိုးကျိုးကင်းစေခြင်း (ဥပမာ– မြေအောက်ရေ သန့်စင်ခြင်း) တို့ပါဝင်ပါသည်။

မြေအသုံးချရေးဌာနခွဲ၏ စာမျက်နှာတွင် မြေဆီလွှာထိန်းသိမ်းရေးနှင့်ဆက်နွယ်သော သတင်းအချက်အလက်များကိုဝင်ရောက်လေ့လာနိုင်ပါသည်။




ပုံ (၃) မြေဆီလွှာအရည်အသွေးနှင့်ဆက်နွယ်မှုများ



ပုံ (၄) မြေအသုံးချရေးဌာနခွဲ စာမျက်နှာပုံသဏ္ဌာန်

## ၆။ မြန်မာနိုင်ငံ၏အဓိကမြေအမျိုးအစားများ




ပုံ (၅) မြန်မာနိုင်ငံ၏အဓိကမြေအမျိုးအစားများ

မြန်မာနိုင်ငံတွင်ရှိသောမြေအမျိုးအစားများအလိုက်တွေ့ရှိနိုင်သောတိုင်းနှင့်ပြည်နယ်များနှင့် စိုက်ပျိုးနိုင်သောသီးနှံအမျိုးအစားများကိုလေ့လာလျှင်–

**(၁)လယ်မြေ**-မြန်မာနိုင်ငံ၏တောင်ဖက်ပိုင်းဧရာဝတီ၊ပဲခူး၊ရန်ကုန်၊တနင်္သာရီဒေသများတွင်၄င်း၊ ကမ်းရိုးတန်းဒေသများ(ရခိုင် တနင်္သာရီ၊ မွန်)တို့တွင်၄င်း၊ အပူပိုင်းဇုံမြေပြန့်ဒေသများတွင်၄င်း၊ ရှမ်းပြည်နယ်နေရာအနှံ့အပြားတွင်၄င်းတွေ့ရသည်။စပါးနှင့်သီးထပ်ပဲမျိုးစုံ၊ နှမ်းစိုက်ကြသည်။

**(၂) ဂဝံမြေ** - ဂဝံမြေကို ကရင်၊ မွန်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီ၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီး တို့တွင်တွေ့ရပါသည်။ ဂဝံမြေတွင် ရာဘာ၊ ဆီအုန်း၊ ဒူးရင်း၊ နာနတ်၊ သီဟိုဠ်သရက်၊ ၄က်ပျော၊ အုန်း၊ စသည့်သီးနှံများ စိုက်ပျိုးနိုင်ပါသည်။

**(၃) နီညိုတောမြေ**- အမြဲစိမ်းသစ်တောများရှိရာ ဝိတိုရိယအငှမ မော်လမြိုင်၊ နာဂရေအငှမ မြစ်ကြီးနား ထိကျယ်ပြန့်စွာတွေ့ရပါသည်။ ကယားပြည်နယ် နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ အပကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးတွင် တွေ့ရပါသည်။ နီညိုတောမြေတွင် ရာဘာ၊ သရက်၊ နာနတ်၊ လက်ဖက်၊ ကော်ဖီ၊ ဥယျာဉ်ခြံသီးနှံများနှင့်သစ်တောများကို စိုက်ပျိုးနိုင်ပါသည်။

**(၄) ဝါညိုတောမြေ** - ဝါညိုတောမြေကို ကရင်၊ မွန်၊ ရှမ်းပြည်နယ် နှင့် တနင်္သာရီမကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင်တွေ့ရပါသည်။ ဝါညိုတောမြေတွင် ရာဘာ၊ နာနတ်၊ လက်ဖက်၊ နှင့် ဥယျာဉ်ခြံသီးနှံများစသည့် သီးနှံများစိုက်ပျိုးနိုင်ပါသည်။

**(၅) မြေနီ** - မြေနီကို ရှမ်းပြည်နယ်၊ ကယားပြည်နယ် နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တွေ့ရပါသည်။ မြေနီတွင် ယာစပါး၊ ပဲပုပ်၊ မြေပဲ၊ လက်ဖက်၊ နှမ်း၊ ကော်ဖီ၊ ဟင်းသီးဟင်းရွက် နှင့် ဥယျာဉ်ခြံသီးနှံ စသည့်သီးနှံများ စိုက်ပျိုးနိုင်ပါသည်။

**(၆) မြေဝါ** – ရှမ်းကုန်းပြင်မြင့်၏ အနိမ့်ပိုင်းဆင်ခြေလျှောတွင်တွေ့ရပြီး ဂဝံမြေနှင့်မြေနီကြား တွင်နယ်နိမိတ်သဖွယ်ဖြစ်ပေါ်တည်ရှိသည်ကိုတွေ့မြင်ရသည်။ မြေနီနှင့်ဆင်တူ ၍ ယာစပါး၊ ပဲပုပ်၊ မြေပဲ၊ လက်ဖက်၊ နှမ်း၊ ကော်ဖီ၊ ဟင်းသီးဟင်းရွက် နှင့် ဥယျာဉ်ခြံသီးနှံ စသည့်သီးနှံများ စိုက်ပျိုးနိုင်ပါသည်။

**(၇)မြေဝါသဲဝန်း** – အပူပိုင်းဇုံပတ်ဝန်းကျင်ဒေသများကုန်းမြင့်ဒေသများနှင့် ဆက်နွယ်၍တွေ့ရှိ ရသည်။ အထူးသဖြင့်ပူအိုက်စွတ်စိုသောရာသီဥတုရှိသည့် မကွေး မန္တလေး စစ်ကိုင်းဒေသရှိ သစ်ကြဲ့ပိုးရောင်မြေများကိုမြေဝါသဲဝန်းဟုခေါ်သည်။ပဲမျိုးစုံ၊နှမ်း၊ပြောင်း၊ဝါစသည့်ယာသီးနှံများ စိုက်ပျိုးသည်။

**(၈)မြေနီသဲဝန်း** မြေနီသဲဝန်းမြေအမျိုးအစားကိုစစ်ကိုင်း၊မကွေး၊မန္တလေးတိုင်းဒေသကြီးတို့တွင် တွေ့ရပါသည်။၎င်းမြေမျိုးတွင် စပါး၊ **မြေပဲ၊** နှမ်း၊ နေကြာ၊ **ပဲမျိုးစုံ၊** ဝါ၊ ကြံ၊ ဧရာတ်၊ နံ့စားပြောင်းနှင့် ဟင်းသီးဟင်းရွက်စသည့် သီးနှံများ စိုက်ပျိုးနိုင်ပါသည်။

**(၉)စနယ်မြေစေး** -စနယ်မြေအမျိုးအစားကို စစ်ကိုင်း၊ မန္တလေးနှင့် မကွေးတိုင်းဒေသကြီးတို့ တွင် တွေ့ရပါသည်။ ၎င်းမြေမျိုးတွင် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ဝါ၊ ကြံ၊ ပဲမျိုးစုံ၊ ဧရာတ် နှင့် နံ့စားပြောင်းစသည့် သီးနှံတို့ကို စိုက်ပျိုး နိုင်ပါသည်။

## ၇။ မြန်မာနိုင်ငံတွင်း၌ပဲမျိုးစုံစိုက်ဒေသနှင့်ဈေးကွက်များ

မြန်မာနိုင်ငံတွင် ပဲမျိုးစုံ အမျိုးအစား (၂၄)မျိုးခန့်စိုက်ပျိုးကြပါသည်။ ပဲပုပ်နှင့် မြေပဲ သည်လည်းပဲမျိုးစုံတွင်ပါဝင်ပါသည်။ အဓိကအားဖြင့်မြန်မာပြည်အောက်ပိုင်း မြစ်ဝကျွန်း ပေါ်ဒေသများမှာ စပါးသီးနှံပြီးလျှင် ပဲစိုက်သည့် ဓလေ့ရှိကြသည်။ နိုင်ငံအလယ်ပိုင်းနှင့် ရှေ့တောင်ဖက်ဒေသများ (ရှမ်းပြည်နယ်) တို့တွင် မုတ်သုန်မိုးနှင့်အတူစိုက်လေ့ရှိကြပြီး စိုက်ကော၏ (၇၀) ရာခိုင်နှုန်းမှာဆောင်းသီးနှံအဖြစ် မြေတွင်းလက်ကျန်အစိုဓာတ်ပေါ်တည်၍ စိုက်ကြသည်။ တစ်ဟက်တာလျှင် မက်ထရစ်တန် (၁ တန်မှ ၁.၃တန်)ထွက်သည်။

မတ်ပဲ၊ ပဲတီစိမ်းများကို ပဲမျိုးစုံထုတ်လုပ်မှု၏ (၇၀ မှ ၇၅)ရာခိုင်နှုန်းအထိရှိပြီး နိုင်ငံခြား တင်ပို့ကုန်အဖြစ်အဓိကထားစိုက်ကြသည်။ခန့်မှန်းခြေပဲထုတ်လုပ်မှု၏(၈၀ မှ ၉၀) ရာခိုင်နှုန်း

နှင့် မတ်ပဲထုတ်လုပ်သမျှ၏ (၇၀-၈၀) ရာခိုင်နှုန်းကိုအိန္ဒိယသို့တင်ပို့ရသည်။ မတ်ပဲဈေးနှုန်းမှာ မြင့်မားပြီး အိန္ဒိယ၏လိုအပ်ချက်ပေါ်တည်၍ပြောင်းလဲသည်။ ပဲတီစိမ်းသည်လည်းပို့ကုန် ဈေးကွက်ကောင်းသော သီးနှံဖြစ်သည်။ ပဲတီစိမ်းဈေးကွက်မှာ တရုတ်၊ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှား နှင့် ဥရောပ နိုင်ငံဖြစ်သည်။

## ၈။ ပဲမျိုးစုံသီးနှံတွက် မြေအာဟာရဓာတ် (Legume Plants Soil Nutrients)

အပင်များသည် အသက်ရှင်သန်ကြီးထွားရန်နှင့် မျိုးပွားနိုင်စေရန် အာဟာရဓာတ်များ လိုအပ်ပါသည်။မြေတွင်းအာဟာရဓာတ်အလွန်အမင်းနဲးပါးခြင်းဖြစ်စေ အလွန်များပြားနေခြင်း ဖြစ်စေအပင်တွင်ပြဿနာဖြစ်စေနိုင်ပါသည်။အပင်တွင်းမြေမှအာဟာရဖြည့်တင်းရေးမှာ အမျိုးအစားနှစ်မျိုးခွဲခြားလျှင်အများလိုအာဟာရဓာတ်နှင့် အနဲလိုအာဟာရဓာတ် (macronutrients and micronutrients) ဟုရှိကြောင်းသိရှိကြပြီးဖြစ်ပါသည်။ Macronutrients မှာပမာဏများစွာလိုအပ်၍ဖြည့်ဆည်းပေးရာတွင်လည်းအခြား elements ထက်ပိုမို လိုအပ်လေ့ရှိသည်။ nitrogen, potassium, sulfur, calcium, magnesium and phosphorus တို့မှာအများလို အာဟာရဓာတ်များဖြစ်ပါသည်။ Micronutrients များမှာ အပင်တွင် ပမာဏနဲနဲသာလိုအပ်၍ တချို့မှာ အလွန်အမင်းနဲးပါးစွာပင်လိုအပ်ပါသည်။ iron, boron, manganese, zinc, copper, chlorine and molybdenum တို့သည် အနဲလိုအာဟာရအမျိုးအစားများဖြစ်ပါသည်။ အာဟာရဓာတ်နှစ်မျိုးလုံးပင် အပင်၏အမြစ်မှ ဝင်ရောက်လေ့ရှိသည်။ အပင်အမြစ်သည်ထိုအာဟာရများ အပင်တွင်းသို့ဝင်ရောက်စေနိုင်ရန် အမြစ်ဝန်းကျင်အခြေအနေ ကောင်းမွန်နေရန်လိုအပ်ပါသည်။

ပထမဦးစွာ မြေသည် အပင်မြစ်ထိုးဝင်နိုင်စေရန်နှင့် အာဟာရဓါတ်များကို သယ်ပို့နိုင်စေရန် လုံလောက်သော အစိုဓာတ်ရှိရမည်။ တခါတရံ မူမမှန်ပုံစံစနစ်မကျသော ရေသွင်းမှု၊ ရေလောင်းနည်းကြောင့် အာဟာရဓာတ်များဖယ်ထုတ်ခံရပြီး ချို့တဲ့မှုဖြစ်စေတတ်ပါသည်။ မြေချဉ်ငံဓာတ်သည်လည်း အပင်အာဟာဓာတ်များ မြေမှုန့်မှထုတ်ယူနိုင်မှု၊ ရရှိနိုင်မှုကို လွှမ်းမိုးမှုရှိနေ ကြောင်းသိရှိထားရမည်။ မြေတွင်းအပူချိန် သည်လည်း အပင်မြစ်မှ အာဟာရဓာတ်သယ်ယူနိုင်သော ပမာဏနဲများနှင့် သယ်ပို့နှုန်းတိုးပေါ်လွှမ်းမိုးပါသည်။ သင့်တင့်မျှတသော အပူချိန်၊ မြေချဉ်ငံ နှင့် အစိုဓာတ်ရရှိမှုသည် ကွဲပြားမှုရှိသကဲ့သို့ အပင်မျိုးစိပ်၊အမျိုးအစားအရလည်း ကွဲပြားမှုများစွာရှိပါသည်။ အာဟာရဓာတ်များသည် ရုပ်သဘာဝအရ မြေတွင်ရှိနေသော်လည်းအပင်မှ အားလုံးရရှိခြင်းမဟုတ်ပါ။ မြေချဉ်ငံ၊ မြေစိုင်ခဲအခြေအနေ၊ မြေသို့ အာဟာရဖြည့်တင်းမှု မှတ်တမ်း/သမိုင်း အရ မည်သည့်အာဟာရချို့တဲ့ကြောင်းခန့်မှန်းနိုင်သော်လည်း မြေဆီလွှာ ဓာတ်ခွဲဆန်းစစ်ခြင်းက အမှန်ကန်ဆုံး နီးစပ်သည့်အဖြေရရှိနိုင်သည်။

### ၉။ အာဟာရလိုအပ်ချက်ကိုကြိုတင်စစ်ဆေးခြင်း

အပင်များတွင်များစွာသော အာဟာရချို့တဲ့မှု လက္ခဏာများကိုမျက်မြင်အခြေအနေဖြင့် ပင်ခန့်မှန်းသည်။ အရေးကြီးသည့်အချက်မှာ အပင်မျိုးစိပ်တူပါက ကျန်းမာသန်စွမ်းသည့် အရွက်နှင့်နှိုင်းယှဉ်၍ ထိခိုက်မှု ချို့တဲ့မှုကို ခန့်မှန်းပါသည်။ အနဲလိုအာဟာရဓာတ်များသည် အပင်များမှာ အခြားအာဟာရဓာတ်များနျင်အတူယှဉ်၍ လုပ်ငန်းစဉ်များ ဓာတ်ပြောင်းလဲမှု ဖြစ်စဉ်တွင်ပါဝင်ကြသည်။ ထို့ကြောင့် ချို့တဲ့မှုလက္ခဏာများသည် တခါတရံဆင်တူနေတတ်ပါသည်။ ဥပမာကြည့်လျှင် ပဲပင်များ၌ နိုက်တြိုဂျင် ဖမ်းယူထိန်းချုပ်ခြင်း **(nitrogen fixation process)** နိုင်ရန်ဖြစ်စဉ်မှာ **molybdenum** ဓာတ်ပြည့်နေမှသာ လုပ်ငန်းစဉ်ပြည့်စုံသည်ဟုဆိုသည်။ အကယ်၍ ပြဿနာတစ်ခုထက်ပိုမိုနေသည့်အခါ (ရေချို့တဲ့ခြင်း၊ ရောဂါကျခြင်းနှင့် ပိုးမွှားနှိပ်စက်ခြင်း)တို့နှင့် ယှဉ်လျှက် အာဟာရချို့တဲ့မှုတစ်မျိုး (သို့) နှစ်မျိုးရောထွေးနေတတ်သည့် အခါ ကြိုတင်ဆန်းစစ်ရန်ခက်ခဲပါသည်။ UC Statewide IPM Program ၏အဆိုအရ ပဲသီးနှံသည် သာမာန်အထွက်နှုန်းနှင့် ကြီးထွားမှုရရန်ပင် သင်တင့်သောအာဟာရဖြည့်ဆည်းမှုရှိရပါမည်။ အပင်တွင်အာဟာရချို့တဲ့သည်ဖြစ်စေ၊ပိုမိုသုံးစွဲသည်ဖြစ်စေအပင်ရောဂါ ကျရောက်မှု နှင့်တူပါသည်။ မျက်မြင်အသွင်သဏ္ဍာန်သည် အာဟာရအမျိုးအစားသာမက ပဲအမျိုးအစား၊ ပတ်ဝန်းကျင်အခြေအနေ တို့နှင့်လည်း များစွာတည်မှီပါသည်။

မည်သည့်အာဟာရဓာတ်မဆို အလွန်အမင်းသုံးစွဲပါက အပင်မှာအဆိပ်သင့်စေပါသည်။ ထပ်ခါထပ်ခါ အသုံးပြုခြင်းဖြင့်လည်း ဆားဓာတ်သင့်မှု salt burn symptoms ကိုဖြစ်စေပါသည်။ အရွက်နားတလျှောက် အညိုရောင်ပြောင်းခြင်း၊အရွက်တစ်ရှုးများ အစိမ်းရောင်မှပြောင်းလဲသွားခြင်း၊ပင်စည်သေးသွယ်ခြင်း၊အဝါရောင်အကွက်ပျောက်များဖြစ်ခြင်း ပင်ပြလက္ခဏာများတွေ့ရတတ်ပါသည်။ browning pattern ဖြစ်ခြင်းမှ ဆဲလ်သေကွက် necrosis ဖြစ်ခြင်းကို အရွက်ထိပ်ဖြားတွင်စတွေ့ရတတ်ပါသည်။၎င်းမှ ရွက်နားတလျှောက်ပြန့်သွားတတ်ပါသည်။

အာဟာရချို့တဲ့မှု ကိုကြိုတင်ခန့်မှန်းရာတွင် အပေါ်ယံအမြင်အရ အပင်ကျန်းမာစဉ်က လက္ခဏာသွင်ပြင် နှင့် ယှဉ်၍ ချို့တဲ့မှုကိုရှာဖွေရန် new leaves, old leaves, edge of leaf, veins etc.တို့ကို ကြည့်ရှုစစ်ဆေးပါ။ လက္ခဏာရပ်များကိုခွဲခြားဆန်းစစ်၍ လိုအပ်သော အာဟာရ ကိုဖြည့်ဆည်းရေး သီးနှံအလိုက် Compare symptoms to chart များပြုလုပ်ပေးထားခြင်းက ပို၍ ထိရောက်လွယ်ကူမည်ဟုထင်မြင်ပါသည်။

### ၁၀။ Bean's Optimum Soil Requirements

- ✓ **Organic matter > 1.5 %**
- ✓ **Calcium carbonate < 4 %**
- ✓ **EC conductivity < 4 mmohs/cm**
- ✓ **P (Olsen extractant) > about 20 ppm**

- ✓ **K (ammonium acetate) > 66 or (sodium acetate) > 75**
- ✓ **Available Fe and Mn > 5**
- ✓ **Available Zn > 1.5 ppm**
- ✓ **Susceptible to K deficiency (clay soils)**
- ✓ **P, Zn, Mn and Fe deficiency (intensive cropping in arid/ semi-arid regions)**

Source: IFA World Fertilizer Use Manual (1992)

**၁၁။ Bean's Optimum Fertilizer Recommendation**

မြေတွင် *Rhizobium leguminosarum* ပါရှိနေပါက နိုက်ထြိုဂျင်ဖြည့်ရန်မလိုအပ်ဟုဆိုပါသည်။ အချို့နိုင်ငံများတွင် စတင်စိုက်ချိန်မှာတဟက်တာလျှင် နိုက်ထြိုဂျင် (၃၀ မှ ၄၀)ကီလိုဂရမ် သုံးလေ့ရှိသည်။ ယေဘုယျထောက်ခံနှုန်းအနေဖြင့် တဟက်တာလျှင် $P_2O_5$ 80-120 kg၊ $K_2O$ 100-120 kg ထည့်ရန်၊ one fifth of the $P_2O_5$ and one half of the $K_2O$ သည် နောက်စိုက်သီးနှံအတွက်ရည်ရွယ်သည်ဟုဆိုပါသည်။သင့်တင့်သောအထွက်ရရှိရန်မြေပြင်တွင် ဆာလဖာ အနည်းဆုံး 10ppm sulphate S ရှိသင့်ပြီး တဟက်တာကို 15-20 kg S သုံးရန်၊ superphosphate ကိုသုံးလျှင် 18-25 % $P_2O_5$ နှင့် S ပါဝင်ပြီး သီးနှံအတွက်အထောက်ကူရစေကြောင်းသိရသည်။ မဂ္ဂနီစီယမ် ချို့တဲ့မှု ရှားပါးသော်လည်း ချို့တဲ့ခဲ့ပါက 5% magnesium sulphate spray သုံးပေးနိုင်သည်။ ကယ်လဆီယမ် ချို့တဲ့မှုလည်းအလွန်ရှားပါးသည်။ အပင်မှ တဟက်တာလျှင် 120 kg ထိ စုတ်ယူစားသုံးသော်လည်းပဲ အများစုမှာရိတ်သိမ်းချိန်တွင် မြေထဲသို့ပြန်ရောက် သွားခြင်းဖြစ်သည်။သို့သော် အက်ဆစ်ပေါက်မြေများမှာ ကယ်လဆီယမ် ချို့တဲ့မှုရှိတတ်ပါသည်။ မြေတွင် ရေပျော် ဘိုရွန် (၀.၅)အောက် ရောက်နေက တဟက်တာလျှင် ဘိုရွန် (၁-၂ )ကီလိုသုံးပြီး ထပ်တလဲလဲ ရွက်ဖျန်းကျွေးနိုင်သော် ရွက်ဖျန်းခြင်းကို never exceed 0.2 kg/ha B သာဖြစ်သင့်ပါသည်။ ဇင့်ချို့တဲ့မှုကို အက်ဆစ်မြေများမှာ မတွေ့ရသလောက် ဖြစ်ပြီး၊ မြေငံ alkaline soils (pH>7) အခြေအနေတွင်ချို့တဲ့မှုပေါ်လာတတ်ပါသည်။ ဤအခြေနေမှာသဘာဝမြေဩဇာ များစွာသုံးခြင်း၊ ရေသွင်းနိုင်မှုအခြေအနေရှိခြင်းတို့တွင် ဇင့်ချို့တဲ့ပါက တဟက်တာ 5 kg Zn သုံးနိုင်ပါသည်။ ပဲသီးနှံသည် မြေချဉ်ငံ (၆ မှ ၆.၅) တွင်းအကောင်းဆုံးဖြစ်ပြီး အနည်းငယ် အက်ဆစ်ပေါက်ခြင်းကိုနှစ်သက်သည်။ပဲသီးနှံအတွက်အာဟာရလိုအပ်ချက်၊ချို့တဲ့နိုင်မှုအခြေအနေများနှင့်မြေဩဇာသုံးစွဲနိုင်မှုတို့ကို အောက်ဖော်ပြပါဇယားများတွင်လေ့လာကြည့်ရှုနိုင်ပါသည်။

ဇယား(၂) ပဲမျိုးစုံအတွက် အပင်အာဟာရချို့တဲ့မှုဖြစ်နိုင်သည့်နေရာနှင့်ဓာတ်မြေဩဇာ(အများလိုအာဟာရ)

**MACRONUTRIENTS**
**Replace macronutrients in soil regularly (at least once per growing season)**

| Nutrient | Deficiency symptoms | Comments | Fertilizer Sources |
|---|---|---|---|
| **Calcium (Ca)** | New leaves (Top of plant) are Distorted or irregularly shaped Causes blossom-end rot.(ပန်းပွင့်မှုထိခိုက်) | Desert soils and water generally Have plenty of calcium, so deficiency problems are rare. Excessive calcium can limit the availability of other nutrients. | Anything with the word "calcium": also gypsum |
| **Nitrogen (N)** | General yellowing of older leaves (bottom of plan). The rest of the plant is often light green. | Most plants absorb nitrogen in the form of ammonium of nitrate. These forms readily dissolve in water and leach away. | Anything with the words "ammonium", "nitrate", or "Urea", also manures. |
| **Magnesium (Mg)** | Older leaves turn yellow at edge leaving a green arrowhead shape in the center of the leaf. | Plants absorb magnesium as an ion (charged particle) which can be readily leached from soil. May be readily leached from soil if calcium is not present. | Anything with the words "magnesium", also Epsom salts (magnesium sulfate). |
| **Phosphorus (P)** | Leaf tips look burnt, followed by older leaves turning a dark green or reddish-purple. | Plants absorb phosphorus in the form of phosphate. This form dissolve only slightly in water but pH strongly affects uptake. | Anything with the words "phosphate" or "bone", Also greensand. |
| **Potassium (K)** | Older leaves may wilt, look scorched. Interveinal chlorosis begins at the base, scorching. Inward from leaf margin. | Plant absorbs potassium as an ion which can be readily leached from soil. Desert soils and water generally have plenty of potassium, so deficiency problems are rare. | Anything with the words "potassium" or "potash". |
| **Sulfur (S)** | Younger leaves turn yellow first. Sometimes followed by older leaves. | Plants absorb sulfur in the form of sulfate. This readily leaches from the soil sulfur may acidly the soil (lower he pH). | Anything with the words "sulfate". |

ဇယား(၃) ပဲမျိုးစုံအတွက် အပင်အာဟာရချို့တဲ့မှုဖြစ်နိုင်သည့်နေရာနှင့်ဓာတ်မြေဩဇာ(အနဲးလိုအာဟာရ)

**MICRONUTRIENTS**
**Replace when deficiency symptoms are evident.**

| Nutrient | Deficiency symptoms | Comments | Fertilizer Sources |
|---|---|---|---|
| **Boron (B)** | Terminal buds die, witches' brooms form. | Plants absorb boron in the form of borate. Problems are seen in intensely cropped areas. | Anything with the words "borax" or "borate" |
| **Copper (Cu)** | Leaves are dark green, plant is stunted. | Plants absorb copper as an ion. Arizona soils have plenty of copper, so problems are rare. | Anything with the words "copper". "cupric" or "cuprous" |
| **Iron (Fe)** | Yellowing occurs between the veins of young leaves. | Plants absorb Iron as an ion through their foliage as well as their roots. Uptake is strongly affected by pH. Chelated Iron is readily available for use by the plant., other forms of Iron may be tied up in the soil. | Anything with the words "Iron chelate" |
| **Manganese (Mn)** | Yellowing occurs between the veins of young leaves. Pattern is not as distinct as with iron. Palm fronds are stunted and deformed, called "frizzle top". Reduction in size of plant parts (leaves, shoots, fruit) generally. Dead spots or patches. | Plants absorb manganese as an ion through their foliage as well as their roots. | Anything with the words "manganese" or "manganous" Often required with Zinc application. . |
| **Molybdenum (Mo)** | General yellowing of older leaves (bottom of plant). The rest of the plant is often light green . | Plants absorb molybdenum in the form of molybdate. Problems are rare in Arizona soils but are occasionally seen on legumes where it mimics nitrogen deficiency. | Anything with the words "molybdate" or "molybdic" |
| **Zinc (Zn)** | Terminal leaves may be rosetted, and yellowing occurs between the veins of the new leaves. | Plants absorb zinc as an ion through their foliage as well as their roots. High pH may limit availability. | Anything with the word "zinc". |

ဇယား(၄) ပဲမျိုးစုံအတွက်အပင်အာဟာရချို့တဲ့မှု အများဆုံးပင်ပြလက္ခဏာနှင့် ဖြစ်နိုင်သည့်နေရာ

**Nutrient deficiencies in common beans**

**(Adapted from Chapter 14 of *Nutrient Deficiencies and Toxicities in Crop Plants*, edited by William F. Bennet, 1993.)**

| Nutrient | Deficiency | When it Occurs |
|---|---|---|
| Nitrogen (N) | Older leaves are pale green to yellow; stunted plants with few flowers and poorly filled pods. | Occurs in all soils, but especially in sandy soils or soils with low organic matter; can be induced by heavy rains or irrigation that cause leaching of nitrates. If soil pH is outside 6.0–8.0 range, N availability may be restricted. |
| Phosphorus (P) | Slow growth; small dark green leaves in upper part of plant; older leaves yellow then turn brown and senesce. Stunted plants with thin stems and short internodes. Flowers abort. | Occurs in soils with low pH or that have leached nutrients. P availability is very reduced in soils with pH below 6.2. |
| Potassium (K) | Symptoms mainly in young plants. Marginal chlorosis of older leaves which turns to yellow brown scorch in between the veins (sometimes resembling common bacterial blight, but without water-soaked appearance); leaf may curl downward while scorched margins curl upward; plants can be stunted with poor root systems, leading to collapse. | Occurs in soils with low fertility but high calcium and magnesium, especially sandy soils. K is less available in soils with pH below 6.0. |
| Boron (B) | Terminal buds and apical meristems die; witches' broom; thick, deformed primary leaves; interveinal chlorosis; swollen stems near nodes. | Rare in beans—occurs in soils with coarse textures, low organic matter, and high aluminum and iron hydroxide. It can also occur in alluvial soils with high pH, or in dry, neutral to alkaline soils under intense light. |
| Sulfur (S) | Uniform yellow chlorosis of leaves, similar to N deficiency. | Rare in beans—can occur in soils with pH below 6.0. |
| Zinc (Zn) | Deformed, pale green younger leaves with yellow tips and margins, interveinal chlorosis, and development of necrotic areas with time; blossoms and pods may abort; dwarfed plants. | Occurs in soils with high pH (or acidic soils that have been 'over-limed' or have too much P). Can be worse under conditions of soil compaction, low organic matter, or too much manure or crop residue. The increased absorption of other nutrients can cause Zn deficiency, especially Fe. |

**File; KKMU-Legume Textbook**

ဇယား(၅) ပဲမျိုးစုံအတွက်အပင်အာဟာရအဆိပ်သင့်မှု အများဆုံးပင်ပြလက္ခဏာနှင့် ဖြစ်နိုင်သည့်နေရာ

**Nutrient toxicities in common beans**
**(Adapted from Chapter 14 of *Nutrient Deficiencies and Toxicities in Crop Plants*, edited by William F. Bennet, 1993.)**

| Nutrient | Toxicity | When it Occurs |
|---|---|---|
| Boron (B) | Stunting, yellowing, necrosis. | Occurs with non-uniform applications of fertilizer or bands of fertilizer too close to seed, especially in dry weather; can also occur if beans follow a crop heavily fertilized with B, such as turnips.<br>Boron toxicity is likely if dry beans are grown in the high-boron soils on the west side of the San Joaquin Valley, part of Yolo County, and several other areas in California.<br><br>Boron tolerance (ppm)<br>• Common beans: 0.50 to 0.75 ppm<br>• Lima beans: 0.75 to 1.0 ppm<br>• Blackeyes beans : 2.5 ppm<br>• Garbanzos: sensitivity likely around 1.0 ppm (no specific data available, but based on grower input from Yolo County, an area high in boron). |

Yolo County, officially the County of Yolo, is a county located in the northern portion of the U.S. state of California. Yolo County was one of the original counties of California, created in 1850 at the time of statehood.

## ၁၂။ ပဲမျိုးနွယ်ဝင်အပင်များတွင်ယေဘုယျတွေ့ရှိနိုင်သောအာဟာရဓါတ်ချို့တဲ့လက္ခဏာများ

### (၁၂-က)ဘိုရွန်(B) ချို့တဲ့မှုလက္ခဏာများ

ပဲပင်တွင် တွန့်လိမ် ကောက်ကွေးနေသော အရွက်များ ဖြစ်ပေါ်လာပါမည်။
**ကုစားနည်းလမ်းမှာ** လက်ချား ခေါ် ဘိုရွန် ရွက်ဖြန်းမြေသြဇာအား ဖျန်းပေးပါ။



**ပုံ (၆) ပဲမျိုးနွယ်ပင်များတွင်ဘိုရွန်ဓာတ်ချို့တဲ့ခြင်းလက္ခဏာ**

### (၁၂-ခ) သံဓာတ်(Fe) ချို့တဲ့မှုလက္ခဏာများ

အပေါ်အရွက်များအဝါဖျော့ရောင်မှအဖြူရောင်ပြောင်းသွားပြီးရွက်ကြောများကစိမ်းနေပါမည်။
ကုစားနည်းလမ်းမှာအိုင်းယွန်းဆာလ်ဖိတ်(၀.၅%)ဖျော်၍ရွက်ဖြန်းမြေသြဇာအဖြစ်ဖျန်းပေးပါ။



**ပုံ (၇)ပဲမျိုးနွယ်ပင်များတွင် သံဓာတ်ချို့တဲ့ခြင်းလက္ခဏာ**

### (၁၂- ဂ) သွပ်ဓာတ်(Zn) ချို့တဲ့မှုလက္ခဏာများ

ရွက်ကြောအကြားရှိတစ်ရှူးများသည်အဝါရောင်ရှိပြီးရွက်ကြောများစိမ်းနေပါမည်။ အာဟာရ ချို့တဲ့မှုပြင်းထန်ပါက ဆဲလ်သေနာကွက်များ ဖြစ်ပေါ်လာမည်။ အသီးတင်မှု လျော့ကျလာမည်။ ကုစားနည်းလမ်းမှာ ဇင့်ဆာလ်ဖိတ် (၅-၁၀) ကီလိုဂရမ်/ဟတ်တာအား မြေခံအဖြစ်ထည့်ပါ။ ဇင့်ဆာလ်ဖိတ် (၀.၅ %) ဖျော်၍ ရွက်ဖြန်းမြေသြဇာအား ဖျန်းပေးပါ။



ပုံ (၈) ပဲမျိုးနွယ်ပင်များတွင်သွပ်ဓာတ်ချို့တဲ့ခြင်းလက္ခဏာ

**၁၃။ ပဲပိစပ်သီးနှံ – Horse gram (မြင်းစား ကုလားပဲ)၊ *Dolichos Lablab***

**(၁၃ – က) ပဲပိစပ်တွင်သံဓာတ်(Fe) အာဟာရဓါတ်ချို့တဲ့မှုလက္ခဏာ**

သံဓာတ်ချို့တဲ့မှုများအား ထုံးကျောက်များပါဝင်မှု များသောသဲမြေ နှင့် သံဓာတ်ကြွယ်ဝသောမြေများသည်ချို့တဲ့မှုဖြစ်နိုင်ခြေများသည်။ရေစီးရေလာကောင်းသောမြေ၊ ဆားပေါက်မြေ၊ ဆားငန်မြေ များတွင် သံဓါတ်ချို့တဲ့မှု နည်းမည်။ အရွက်တွင်ကလိုရိုဖီးနည်းကာ အရောင်ဖျော့လာမည်။။ အရွက်ရေိယာတွန့်လိမ်ပြီးအဝါရောင်ရှိရွက်ကြောများသည်စိမ်းနေမည်။ အရွက်များ တဖြေးဖြေးနှင့် အဝါရောင်ပြောင်းပြီး ပြင်းထန်စွာ ချို့တဲ့ပါက အဝါဖျော့ရောင်သို့ ပြောင်းသွားပါမည်။ ကုစားသည့် နည်းလမ်းမှာ ဖဲရပ်ဆာလ်ဖိတ်ကို ရေတစ်လီတာတွင် (၁၀ ဂရမ်)နှုန်းဖျော်၍ ရွက်ဖျန်း ဆေးရည်ကို ဆယ်ရက်အတွင်း သုံးကြိမ်ဖျန်းပါ (သို့မဟုတ်) ဖဲရပ်ဆာလ်ဖိတ် ကို တစ်ကေတွင် (၁၀)ကီလိုဂရမ်နှုန်း မြေခံအဖြစ်ထည့်ပါ။



ပုံ (၉) ပဲပိစပ်သီးနှံသံဓာတ်(Fe) ချို့တဲ့လက္ခဏာ

**၁၄။ ကုလားပဲသီးနှံ Chickpea (Cicer arietinum L.)**

**(၁၄- က)ကုလားပဲတွင်နိုက်တြိုဂျင်(N) ချို့တဲ့မှု လက္ခဏာများ**

ပင်ကြီးထွားမှုရပ်တန့်ကာအောက်ရွက်များသည်စိမ်းဝါရောင်အဖြစ်သို့ပြောင်းသွားသည်။ ကုစားနည်းလမ်းမှာယူရီးယားကိုရေတစ်လီတာတွင်(၁၀)ဂရမ်နှုန်းဖျော်၍ရွက်ဖျန်းအဖြစ်ဖျန်းသင့်။



**ပုံ (၁၀) ကုလားပဲတွင် နိုက်တြိုဂျင်ဓာတ် ချို့တဲ့ခြင်းလက္ခဏာ**

**(၁၄ – ခ) ကုလားပဲတွင် ဖော့စဖရပ် (P) ချို့တဲ့မှု လက္ခဏာများ**

အပင်ကြီးထွားမှုကြံ့လို၍အရွက်များအထက်သို့စောင်းနေပါသည်။အရွက်များသည်ပန်းပွင့်ပြီးနောက်အညိုရောင်အစက်အပြောက်များဖြစ်ပေါ်လာသည်။အပင်မြစ်ဖွံ့ဖြိုးမှုညံ့ဖျင်းလာတတ်သည်။ ကုစားမှုနည်းလမ်းမှာ**DAP** ကိုရေတစ်လီတာတွင်(၁၀)ဂရမ်နှုန်းဖျော်၍(၁ % ) ရှိသောရွက်ဖျန်းအား ဆေးကိုအသုံးပြုနိုင်ပါသည်။



ပုံ (၁၁) ကုလားပဲတွင် ဖော့စဖရပ်ဓာတ် ချို့တဲ့ခြင်းလက္ခဏာ

### (၁၄- ဂ) ကုလားပဲတွင် ပိုတက်စီယမ်(K)ချို့တဲ့မှုလက္ခဏာများ

ပိုတက်ဆီယမ်ချို့တဲ့မှု ပိုမိုပြင်းထန်လာသည်နှင့် ဆဲလ်သေနာကွက် ဧရိယာများတိုးလာပြီးအရွက်နားတစ်ဝိုက်တွင်ရောင်မနီကွက်ကြားများဖြစ်ပေါ်လာသည်။ ချို့တဲ့မှု ပိုမိုပြင်းထန်လာသည် နှင့် အမှုန်ရောင်မညီ ကွက်ကြားဖြစ်မှု သည် အရွက်၏ အလယ်ဗဟို တွင်ဖြစ်ပေါ်လာမည်။ ကုစားမှု နည်းလမ်းမှာ ပိုတက်စီယမ်ကလိုရိုဒ်ကို ရေတစ်လီတာတွင် (၁၀)ဂရမ်နှုန်း ဖျော်၍ ရွက်ဖျန်းမြေဩဇာ အဖြစ်အသုံးပြုနိုင်သည်။



ပုံ (၁၂) ကုလားပဲတွင် ပိုတက်စီယမ်ဓာတ်ချို့တဲ့ခြင်းလက္ခဏာ

### (၁၄ – ဃ) ကုလားပဲတွင် ဆာလဖာ(S)ဓာတ်ချို့တဲ့မှု လက္ခဏာများ

ဆာလဖာချို့တဲ့သောအပင်များသည်ဆဲသေနာကွက်များဖြစ်လာသည်။ အရွက်သစ်များကိုဦးစွာထိခိုက်သော်လည်းတဖြည်းဖြည်းအပင်တစ်ခုလုံးသည် ဆဲသေနာ ကွက်များ ညီညာစွာဖြစ်လာသည်။ဆာလဖာ(S)ကုစားနည်း မှာရွက်ဖျန်းမြေဩဇာအဖြစ်ကယ်စီယမ်ဆာလဖိတ် ကို ရေတစ်လီတာတွင် (၅) ဂရမ် ဖျော်၍ ရွက်ဖျန်းအားဆေး အဖြစ်အသုံးပြုနိုင်ပါသည်။



ပုံ (၁၃) ကုလားပဲတွင် ဆာလဖာဓာတ် ချို့တဲ့ခြင်းလက္ခဏာ

**(၁၄ – င) ကုလားပဲတွင် သံဓာတ် (Fe) ချို့တဲ့မှု လက္ခဏာများ**

သံဓာတ်ချို့တဲ့မှုသည် ငယ်ရွယ်သောအရွက်များပေါ်တွင် ပထမဆုံးလက္ခဏာများ ပေါ်လာသည်။ ရွက်ကြောရေိယာများသည် ဆဲသေနာကွက်များအဖြစ်သို့ ပြောင်းသွားပြီး အဝါရောင် ဖြစ်လာသည်။ အရွက်တစ်ခုလုံး အဝါရောင်ပြောင်းပြီး ဖြူသွားသည်။ ကြီးထွားမှု ကြံ့လိုပြီး အစေ့အဆန်များ ညှံ့ဖျင်းလာသည်ကိုတွေ့ရပါမည်။

သံဓာတ်(Fe)ကုစားမှုနည်းလမ်းမှာဖဲရပ်စ်ဆာလဖိတ်ကိုရေတစ်လီတာတွင်(၅)ဂရမ်နှုန်း ဖြင့် ရွက်ဖျန်းအားဆေးအဖြစ်အသုံးပြုနိုင်ပါသည်။



ပုံ (၁၄) ကုလားပဲတွင် သံဓာတ် ချို့တဲ့ခြင်းလက္ခဏာ

**(၁၄ – စ) ကုလားပဲတွင်သွပ်ဓာတ် (Zn) ချို့တဲ့မှု လက္ခဏာများ**

ဆဲသေနာကွက်အရွက်များသည်သံချေးတက်သောအညိုရောင်သို့ပြောင်းသွားသည်။ အရွက် ကြောများသည်စိမ်းနေပါမည်။အရွက်နှင့် အညွှန့်များသည် သာမန်ထက် သေးငယ်သည်။ ရွက်ကြော(interveinal) ဧရိယာများတွင် အဝါရောင် ပြောင်းသွား သည်ကို တွေ့ရပါသည်။ သွပ်ဓာတ် (Zn) ကုစားမှုနည်းလမ်းမှာ ဇင့်ဆာလဖိတ်ကို ရေတစ်လီတာတွင် (၅)ဂရမ်နှုန်း ဖျော်၍ ရွက်ဖျန်းအားဆေးအဖြစ် အသုံးပြုနိုင်ပါသည်။



ပုံ (၁၅) ကုလားပဲတွင် သွပ်ဓာတ် ချို့တဲ့ခြင်းလက္ခဏာ

**၁၅။ ပဲလွန်း – Cowpea, (Vigna unguiculata)**

**(၁၅ – က) ပဲလွန်းတွင်ပိုတက်စီယမ်( K) ချို့တဲ့မှုလက္ခဏာများ**

အရွက်ဟောင်းများထိပ်ဖျားနှင့်အစွန်းများသည်အဝါရောင်ပြောင်းသွားသည်။ နောက်ပိုင်းတွင် အရွက်များသည် အလယ်ဗဟိုနှင့် အောက်အရွက်များဆီသို့ တဖြည်းဖြည်း ပျံ့နှံ့သွားသည်။ ချို့တဲ့မှုအခြေအနေသည်အရွက်၏အနားတစ်ဝိုက်တွင် ဆဲလ်သေနာကွက်နှင့် အညိုရောင်ဖြစ်ကာနောက်ဆုံးတွင်အရွက်များကြွေကျလာခြင်းဖြစ်သည်။

ပိုတက်စီယမ်(K)ကုစားမှုနည်းလမ်းမှာရွက်ဖြန်းအားဆေးအဖြစ် ပိုတက်စီယမ်ကလိုရိုဒ်ကိုရေတစ်လီတာတွင်(၁၀) ဂရမ်နှုန်းဖျော်၍ ဖျန်းပေးခြင်းဖြင့် ချို့တဲ့မှုကို ထိန်းချုပ်နိုင်ပါသည်။



ပုံ (၁၆) ပဲလွန်းတွင်သွပ်ဓာတ် ချို့တဲ့ခြင်းလက္ခဏာ

**(၁၅ – ခ)ပဲလွန်းတွင်မဂ္ဂနီစီယမ်(Mg) ချို့တဲ့မှုလက္ခဏာများ**

မဂ္ဂနီစီယမ်ချို့တဲ့ခြင်းသည်အစောပိုင်းတွင်အရွက်များသည်အဝါရောင်ဖြစ်လာသည်။ နောက်ပိုင်းတွင်နက်ရှိုင်းသောအဝါရောင်နှင့်သံချေးတက်နေသောဆဲလ်သေနာကွက်များအဖြစ်သို့ပြောင်းလဲလာပြီးအရွက်၏ အစွန်းများကြားနှင့် အရွက်များ ကြားတွင် အစက်အပြောက်များဖြစ်ပေါ်လာနိုင်သည်။နောက်ပိုင်းအဆင့်များတွင်မဂ္ဂနီစီယမ်ချို့တဲ့ခြင်းသည်စောစီးစွာရင့်ကျက်မှုအသွင်အပြင်ကိုဖြစ်စေသည်။ ပဲလွန်း၏မဂ္ဂနီစီယမ် (Mg) ချို့တဲ့မှုကုစားမှုနည်းလမ်းမှာရွက်ဖြန်းအားဆေးအဖြစ်ဆားခါး(ခေါ်)မဂ္ဂနီစီယမ်ဆာလဖိတ်($MgSO_4$) ကို ရေတစ်လီတာလျှင် (၁၀)ဂရမ်နှုန်း ဖျော်စပ်ပြီး (၁၄) ခြားတွင်တစ်ကြိမ်နှုန်းပက် ဖျန်းသင့်ပါသည်။



**ပုံ (၁၇) ပဲလွန်းတွင်မဂ္ဂနီစီယမ်ဓာတ်ချို့တဲ့မှုလက္ခဏာ**

**(၁၅ – ဂ) ပဲလွန်းတွင်ဘိုရွန် (B) ချို့တဲ့မှုလက္ခဏာများ**

အရွက်များကျုံ့ခြင်းနှင့်အရွက်များသေးငယ်လာသည်။ ဘိုရွန်ချို့တဲ့မှု (B) ကုစားမှုနည်းလမ်း မှာလက်ချား ကို မီးဖုတ်၍အမှုန့်ပြုလုပ်ပြီး ရေတစ်လီတာလျှင် (၂) ဂရမ်ဖျော်စပ်ပြီး (၀.၂) % ရွက်ဖြန်းအားဆေးအဖြစ်အသုံးပြုနိုင်ပါသည်။



**ပုံ (၁၈) ပဲလွန်းတွင်ဘိုရွန်ဓာတ် ချို့တဲ့မှုလက္ခဏာ**

## (၁၅ – ဃ) ပဲလွန်းတွင်သံဓါတ်(Fe) ချို့တဲ့မှုလက္ခဏာများ

အချို့မြေဆီလွှာတွင်ပဲပုပ်ပင်သည်pH မြင့်မားသောအခါ သံဓာတ်ချို့တဲ့မှု ဖြစ်ပေါ်တတ်သည်။ ထုံးဓာတ်အမြောက်အများပါရှိသော မြေဆီလွှာတွင် ဖြစ်ပေါ်တတ်သည်ကို တွေ့ရသည်။ Fe ချို့တဲ့ပါက အရွက်ကြောများအပါအဝင် အရွက်တစ်ခုလုံး အဝါရောင်ပြောင်းသွားသည်။ အရွက်ကြောဧရိယာများသည်ဦးစွာအသွင်ပြောင်းပြီးအရွက်ကြောများသည် ဆဲလ်သေနာကွက်များဖြစ်လာကာ နောက်ဆုံးတွင် ပြင်းထန်သော Fe ချို့တဲ့မှုအောက်တွင် အရွက်များ သည် အဖြူရောင်နီးပါး ဖြစ်လာသည်။ ပဲလွန်းတွင်သံဓါတ်ချို့တဲ့မှု (Fe) ချို့တဲ့မှု ကုစားမှု နည်းလမ်းမှာရွက်ဖြန်းအားဆေး အနေဖြင့် ဖဲရပ်ဆာလဖိတ် ($FeSO_4$) ကို ရေတစ်လီတာတွင် (၅) ဂရမ်ဖျော်၍ (0.5%) ပါဝင်သော ရွက်ဖျန်းအားဆေးများကိုပက်ဖျန်းနိုင်ပါသည်။



**ပုံ (၁၉) ပဲလွန်းတွင်သံဓါတ်ချို့တဲ့မှုလက္ခဏာ**

## (၁၅ – င) ပဲလွန်းတွင်မန်းဂနိစ် (Mn) ချို့တဲ့မှုလက္ခဏာများ

အရွက်များ၏ အရွက်ကြောများထဲတွင် ဆဲသေနာကွက်ဖြစ်လာပြီး ရွက်ပြန်ကြောများတွင် အစိမ်းရောင်များကျန်နေခဲ့သည်။ သို့သော်လည်း နောက်ပိုင်းတွင် ဆဲသေနာကွက်များဖြစ်သွားပြီးအရွက်တစ်ခုလုံး၊ အရွက်ကြောများမှလွဲ၍ အစိမ်းဖျော့ဖျော့နှင့် အဝါဖျော့များဖြစ်လာသည်။ အရွက်အောက်ပိုင်းများတွင် အညိုရောင်အစက်အပြောက်များနှင့် အရောင်မညီကွက်ကြားစသည့်လက္ခဏာများဖြစ်ပေါ်လာသည်။ အပင်ကြီးထွားပြီးနောက်ပိုင်းအရွက်သစ်များတွင်ချို့တဲ့မှုဖြစ်ပေါ်ပြီးအပင်၏ထိပ်တွင်ဆဲလ်သေနာကွက်အရွက်များမရှိတော့သည်ကိုမြင်တွေ့ရပါသည်။ ပဲလွန်းတွင်မန်းဂနိစ်ချို့တဲ့မှု (Mn) ကုစားမှုနည်းလမ်းမှာမန်းဂနိစ်ဆာလဖိတ် (၅)ကီလိုဂရမ်ကို မြေကြီးထဲသို့ ထည့်ပေး ပါ။သို့မဟုတ် (၁၀) ရက်ခြားတစ်ကြိမ် မန်းဂနိစ်ဆာလ်ဖိတ်ကို (၁) % ဖျော်ရည် ပက်ဖျန်းနိုင်ပါသည်။



ပုံ (၂၀) ပဲလွန်းတွင်မန်းဂနိစ် (Mn) ချို့တဲ့မှု လက္ခဏာ

**၁၆။ မတ်ပဲသီးနှံ - Black Gram *( Vigna mungo L.)***

**(၁၆ – က) မတ်ပဲသီးနှံတွင်မဂ္ဂနီစီယမ်(Mg) ချို့တဲ့မှု လက္ခဏာများ**

မဂ္ဂနီဆီယမ်ချို့တဲ့ပါကအရွက်များ၏ ရွက်ကြောတစ်လျှောက်ရှိ အစိမ်းရောင် များသည် အဝါရောင်သို့ပြောင်းလဲသွားမည်။ အောက်အရွက်များသည် အစိမ်းရင့်ရောင်ရှိသည်။ နောက်ပိုင်းတွင်ရွက်ကြောများကြားတွင် အစက်အပြောက်များ ပေါ်လာမည်။ အရွက်များသည် အောက်ဘက်သို့ တွန့်လိမ်ကောက်ကွေးလာမည်။အောက်ဆုံးအရွက်ရှိအရွက်အောက်ခြေတွင် အစိမ်းရောင်ကျန်နေပြီးကျန်နေရာများသည်အဖြူမှအဝါရောင်ဖြစ်လာပါမည်။အညိုဖျော့ရောင် ဆဲလ်သေနာကွက်များသည်အညိုရင့်ရောင်အနားသတ်များဖြင့်ဖြစ်ပေါ်လာပါမည်။ အစေ့များ တွင်အညိုကွက်များပေါ်လာမည်။ ကုစားနည်းလမ်းမှာ မဂ္ဂနီစီယမ်ဆာလဖိတ် (၁ % ) ရွက်ဖြန်းမြေသြဇာအား ၂ ပတ် ၁ကြိမ် ဖျန်းပါ။



